
# ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ရောဂါ (BVD) ဆိုင်ရာ ကျန်းမာရေးအကြံပြု အချက်အလက်များ

**လက်ရှိတွင် ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားမှုသည် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့ရှိဒေသများကို ထိခိုက်သက်ရောက်လျက်ရှိသည်။**

## ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားသော အီဘိုလာရောဂါသည် ရှားပါးသော အီဘိုလာရောဂါ အမျိုးအစားတစ်ခုဖြစ်သည်။



- ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။
- ထိုရောဂါ ကူးစက်ခံရပါက ရောဂါလက္ခဏာများ ပြင်းထန်ပြီး အချိန်မီ ကုသမှု မခံယူပါက အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်သည်။
- ရောဂါပိုးရှိသူများ၏ ခန္ဓာကိုယ်အရည်များနှင့် တိုက်ရိုက် ထိတွေ့ကိုင်တွယ်မိခြင်း သို့မဟုတ် ရောဂါပိုးကပ်ငြိနေသော ပစ္စည်းများအား ကိုင်တွယ်မိရာမှ တစ်ဆင့် ကူးစက်ပြန့်ပွားနိုင်ပါသည်။

## ရောဂါလက္ခဏာများမှာ



**အဖျားတက်ခြင်း**



**အားနည်းခြင်း/ပင်ပန်းနွမ်းနယ်ခြင်း**



**ခေါင်းကိုက်ခြင်း**



**အော့အန်ခြင်း**



**ဝမ်းလျှောခြင်း**



**ကြွက်သားများ ကိုက်ခဲခြင်း**



**သွေးယိုစီးမှုခြင်း**
**(ပြင်းထန်သော အခြေအနေများတွင်သာ မျက်လုံး၊ နှာခေါင်း၊ နား၊ ပါးစပ်တို့မှ သွေးထွက်ခြင်း)**

**ထိုရောဂါလက္ခဏာများသည် ရောဂါကူးစက်ခံရပြီးနောက် (၂) ရက်မှ (၂၁) ရက်အတွင်း ပေါ်ပေါက်နိုင်ပါသည်။**

လက်ရှိအခြေအနေတွင် ဘွန်ဒီဘူဂျိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော အီဘိုလာရောဂါ ကမ္ဘာတစ်ဝှမ်းသို့ ပျံ့နှံ့နိုင်ခြေမှာ နည်းပါးသော်လည်း ရောဂါဖြစ်ပွားနေသောနိုင်ငံများသို့ သွားရောက်မည်ဆိုပါက အတည်ပြုထားသော ခရီးသွားအကြံပြုချက်နှင့် ကျန်းမာရေးအကြံပြုချက်များကို လိုက်နာရန် အရေးကြီးပါသည်။

World Health Organization
Myanmar

# ရောဂါဖြစ်ပွားနေသော ဒေသသို့ ခရီးသွားမည်ဆိုပါက

ကြိုတင်ကာကွယ်မှုများ ပြုလုပ်ပြီး အောက်ပါအချက်များကို လိုက်နာပါ။




## ခရီးမသွားမီတွင်

- သက်ဆိုင်ရာနိုင်ငံများ၏ ခရီးသွားအကြံပြုချက်များကို လေ့လာပါ။
- သင့်လျော်သော နိုင်ငံတကာ ကျန်းမာရေးအာမခံ ပြုလုပ်ထားရှိပါ။
- ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများအတွက် ခရီးသွားရမည်ဆိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံမှ အကြံဉာဏ် ရယူပါ။။

## ခရီးသွားနေစဥ် အတွင်း

- သင့် ကျန်းမာရေးအခြေအနေကို သေချာစွာ သတိထား စောင့်ကြည့်ပါ။
- သွားရောက်မည့်နိုင်ငံ၏ ဒေသဆိုင်ရာ ပြည်သူ့ကျန်းမာရေး လမ်းညွှန်ချက်များကို စောင့်ကြည့်လိုက်နာပါ။
- ဖျားနာနေသူများ၏ သွေး/ခန္ဓာကိုယ်အရည်များနှင့် ထိတွေ့ခြင်းကို ရှောင်ကြဥ်ပါ။
- လက်ကို စနစ်တကျ သေချာစွာဆေးကြောသော အကျင့်ကို ပြုလုပ်ပါ။
- အီဘိုလာရောဂါ သံသယဖြင့် သေဆုံးသူ၏ အလောင်းနှင့် တိုက်ရိုက်ထိတွေ့ခြင်း သို့မဟုတ် ရောဂါကူးစက်နိုင်ခြေရှိသော အသုဘ အခမ်းအနားများတွင် ပါဝင်ခြင်းကို ရှောင်ကြဥ်ပါ။
- ရောဂါလက္ခဏာများ စတင်ပေါ်ပေါက်ပါက ဆေးဘက်ဆိုင်ရာ အကြံဉာဏ်ကို ချက်ချင်း ဆောလျင်စွာရယူပါ။








## ခရီးသွားပြီးနောက်/အိမ်ပြန်ရောက်သောအခါ

ရောဂါဖြစ်ပွားနေသောနိုင်ငံ၊ ဒေသသို့ ခရီးသွားခဲ့ပြီးနောက် (၂၁) ရက်အတွင်း နေမကောင်းဖြစ်ပါက -

- အခြားသူများနှင့် သီးခြားခွဲ၍နေပါ။
- သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူများအား ဆောလျင်စွာ အချိန်မီဆက်သွယ်ပါ။
- ခရီးသွားထားကြောင်း မှတ်တမ်းရာဇဝင်ကို ပြောကြားပါ။
- လူစုလူဝေးရှိသောနေရာများသို့ မသွားရောက်ပါနှင့်၊ အခြားခရီးစဥ်များ ဆက်လက်သွားရောက်ခြင်း မပြုလုပ်ပါနှင့်။

World Health Organization
Myanmar